**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**ဒီဇင်ဘာလ ၅ ရက်၊ ၂၀၂၃ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ နိုဝင်ဘာလ ၂၀ရက်မှ ဒီဇင်ဘာလ ၃ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – နိုဝင်ဘာလ ၁၉ရက်၊ ၂၀၂၃ | နိုဝင်ဘာလ ၂၀ရက်မှ ဒီဇင်ဘာလ ၃ ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| **၁** | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၇၇ | ၇ | ၄၈၄ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၀ | | ၃၇၀ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၉၈ | ၁၂ | ၅၁၀ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၉၉ | ၁၀၀ | ၂၉၉ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၁ | ၃ | ၆၂၄ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၇၆ | | ၃၇၆ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ နိုဝင်ဘာလ ၁၉ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် နိုဝင်ဘာလ ၂၀ ရက် – ဒီဇင်ဘာလ ၃ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၈၂၆၁၅** | | **၂၈၂၆၁၅** |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ နိုဝင်ဘာလ၂၀ရက်မှ ဒီဇင်ဘာလ၃ရက်နေ့ထိ၂၀၂၃ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှားတော
ဒီမောဆို
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
ဘီပီ - ၉
#၁
ဘီပီ - ၁၀
ဘီပီ - ၁၁
#၂
ဘီပီ - ၁၂
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
အညွှန်း
မြို့နယ်
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
KA + KNDF + KNPLF + LPDF နှင့် စကစ တိုက်ပွဲနေရာများ
တည်ဆောက်ရန် လျာထားသည့်ရေကာတာများ
တည်ဆောက်ပြီးရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
စကစ မှ ဖြုတ်သိမ်းသော ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

**စစ်ကောင်စီလေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် လွိုင်ကော်မြို့တွင် အဆောက်အဦးများစွာပျက်စီး၊ ဒီးမော့ဆို ဘုရားကျောင်းအတွင်း ခိုလှုံသူ ၁၁ ဦးထိခိုက်ဒဏ်ရာရရှိ**

လွန်ခဲ့သောနှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် လွိုင်ကော်မြို့အား လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆောက်အဦး ရာနှင့်ချီပြီး ထိခိုက်ပျက်စီးသွားခဲ့သည်။ သို့သော်ငြားလည်း မြို့၏သုံးပုံတစ်ပုံ ထိန်းချုပ်ထားသော ကရင်နီပူးပေါင်းတပ်ဖွဲ့များအား မတိုက်ထုတ်နိုင်ခဲ့ပေ။ သည့်အပြင် ဒီးမော့ဆိုမြို့နယ် ဘုရားကျောင်းအတွင်း ခိုလှုံသော စစ်ဘေးရှောင်များအား လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက် ခဲ့မှုကြောင့် အရပ်သား ၁၁ ဦးထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။ မယ်စဲ့မြို့နယ်တွင် စစ်ကောင်စီတပ်များအတွက် အရေးပါပြီး နောက်ဆုံး ကျန်ရှိနေသည့် တပ်စခန်းတစ်ခုအား နိုဝင်ဘာလ ၂၄ ရက်တွင် ထိုတပ်မှဆုတ်ခွါ လိုက်ရသည့်အပြင် ဒီဇင်ဘာလ ၂ ရက်နေ့ညတွင်လည်း ရှားတောမြို့နယ်အတွင်းရှိ ပွန်ချောင်းတံတား စခန်းတစ်ခုကိုလည်း ဆုတ်ခွါလိုက်ရပြီ ဖြစ်သည်။

နိုဝင်ဘာလ ၂၀ရက်၊ ဒီးမော့ဆိုမြို့နယ်၊ ညနေ ၆ နာရီဝန်းကျင်အချိန်တွင် ဒေါရောက်ခူကျေးရွာရှိ ကက်သလစ် ဘုရားကျောင်းအား စစ်ကောင်စီမှ တိုက်လေယာဉ်တစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဘုရားကျောင်းဝင်းတွင် ခိုလှုံသည့်စစ်ရှောင်သက်ကြီးရွယ်အိုများ နှင့် ပရဟိတ ဆရာမတစ်ဦးအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းလည်း ပျက်စီးသွားခဲ့ပါသည်။

နိုဝင်ဘာလ ၂၁ရက်၊ စစ်ကောင်စီတပ်မှ အရပ်သားဟန်ဆောင်ပြီး ထွက်ပြေးလာသည့် ခမရ (၅၁၉)မှ အသက် (၃၁)နှစ်အရွယ်ရှိ ဇော်မိုးနှင့် (၂၄)နှစ် အရွယ်ရှိသန်းထိုက်တို့နှစ်ဦးကို ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်မြို့၊ ပါပက်ကျေးရွာအနီးတွင် ထိုင်းအာဏာပိုင်များမှ ဖမ်းဆီးရမိခဲ့ပါသည်။

နိုဝင်ဘာလ ၂၄ ရက်၊ မယ်စဲ့မြို့နယ်အတွင်း ပန်တိန်းကျေးရွာတွင် တစ်ခုတည်းကျန်ရှိနေသော စစ်ကောင်စီ တပ်စခန်းတစ်ခုသည် တပ်စခန်းမှ စစ်သားများ တပ်ဆုတ်သွားပြီဖြစ်သည်။

နိုဝင်ဘာလ ၂၅ရက်၊ ဖယ်ခုံမြို့နယ်၊ ကွမ်လုံနှင့် လဝဲကျေးရွာဘက်မှ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ အထိနာကာ ပြန်လည်ဆုတ်ခွာသွားပြီး လက်နက်ကြီးများဖြင့် တန်ပြန်ပစ်ခတ်ခဲ့ပါသည်။ ၎င်းအနီးအနားရှိ ကျေးရွာများတွင် တိုက်ပွဲပြင်းထန်လာနိုင်သောကြောင့် ပြည်သူလူထုများမှ ကြိုတင်ရွှေ့ပြောင်းကြပါရန် KNDF မှ သတိပေးထားပါသည်။ ထိုတရက်အတွင်း စစ်ကောင်စီတပ်သား (၁၅)ဦး KNDFထံတွင် လက်နက်ချကာ ဘက်ပြောင်းလာခဲ့ပါသည်။ ထို့အပြင် မယ်စဲ့မြို့နယ် ပန်တိန်းတပ်စခန်းမှ ဖားဆောင်ဘက်သို့ ဆုတ်ခွါသွားသည့် တမ ၅၅ လက်အောက်ခံ ခမရ ၅၁၂ မှ စစ်ကောင်စီတပ်များအား ကရင်နီတော်လှန်ရေးပူးပေါင်းတပ်ဖွဲ့၏ ကြားဖြတ်တိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀ ဦး သေဆုံးသွားခဲ့သည်။

နိုဝင်ဘာလ ၂၇ရက်၊ လွိုင်ကော်မြို့၊ သာသနာပိုင်ဆရာတော်အပါအဝင် ဘုန်းတော်ကြီး၊ စစ္စတာ၊ နာမကျန်း သက်ကြီးရွယ်အို၊ စစ်ရှောင်ပြည်သူများ စုစုပေါင်း လူဦးရေ ၆၀ ဝန်းကျင်ခန့်ရှိသည့် ခရစ္စတူးဘုရင် ကက်သလစ် ဘုရားကျောင်းထဲသို့ စစ်ကောင်စီတပ်များဝင်လာပြီး ကျောင်းထိုင်ဆရာတော်မှ လက်မခံသောကြောင့် ပြန်လည် ထွက်ခွာသွားခဲ့ပါသည်။ ဇာအကြာတွင် စစ်ကောင်စီတပ်များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီးများ ပစ်ခတ်ပြီးချိန်တွင် စစ်ကောင်စီတပ်မှ ထပ်မံရောက်လာကာ ဘုရားကျောင်းတံခါးများ ရိုက်ဖွင့်ခြင်း၊ ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ပါသည်။ စစ်ကောင်စီတပ်သားများ ဝင်ရောက်မှုကြောင့် ဘုရားကျောင်းတွင် ခိုလှုံနေသည့် ပြည်သူများ ရှောင်ထွက်သွားပြီး စစ်ကောင်စီတပ်သား (၅၀)ဦးခန့် ဘုရားကျောင်းတွင် တပ်စွဲထားပါသည်။

နိုဝင်ဘာလ ၂၈ ရက်၊ ဒီးမော့ဆိုမြို့နယ် ဒေါဲစဲကျေးရွာ လမ်းမပေါ် စစ်ကောင်စီတပ်များ ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်းများအား တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ မိုင်းရှင်းလင်းရေးလုပ်ဆောင်ကာ မြေမြှုပ်မိုင်း ၁၀ လုံးခန့်ကို ရှင်းလင်းခဲ့သည်။


စကစ လေကြောင်းတိုက်ခိုက်မှုကြောင့် လွိုင်ကော်မြို့တွင် အဆောက်အဦးများပျက်စီး


ယာဉ်မောင်းတစ်ဦးအား စစ်ကောင်စီတပ်များမှ ပစ်သတ်၊ လွိုင်ကော်မြို့

နိုဝင်ဘာလ ၂၉ရက်၊ မြို့ပြစစ်ဆင်ရေးဆင်နွဲနေသည့် လွိုင်ကော်မြို့တွင် (၂၉)ရက်တစ်ရက်တည်းအတွင်း စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် အကြိမ် (၆၀)ခန့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ၎င်းတိုက်ခိုက်မှုတွင် ပေါင် (၅၀၀) ဗုံးများလည်း ပါဝင်ပါသည်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူနေအိမ် ထိခိုက်ပျက်စီးမှု များပြားခဲ့ပါသည်။

နိုဝင်ဘာလ ၃၀ ရက်၊ နေ့လည် ၁ နာရီအချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် ဒီးမော့မြို့နယ် အနောက်ဘက် တစ်နေရာအား စစ်ကောင်စီတပ်များမှ လက်နက်ကြီးဖြင့် ၁၀ ကြိမ်ထက်မနည်း ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသမီးတစ်ဦး ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည့်အပြင် နေအိမ်အချို့ထိမှန် ပျက်စီးသွားခံသည်။ ထို့အပြင် ညနေ ၉ နာရီအချိန်တွင် လေယာဉ်ဖြင့် ၃ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် အရပ်သား နေအိမ်အချို့ ထိမှန်ပျက်စီး ခဲ့သည်။

ဒီဇင်ဘာလ ၁ရက်နေ့၊ လွိုင်ကော်မြို့ရှိ စစ်ကောင်စီတပ်စွဲထားသည့်နေရာများကို Loikaw PDF, Falcom Wings တို့မှ ဒရုန်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး တိုက်ခိုက်မှုကြောင့် ခလရ (၅၄)တပ်အတွင်း လက်နက်ခဲယမ်းတိုက် မီးလောင်ခဲ့ကြောင်း Loikaw PDFမှ ထုတ်ပြန်ထားပါသည်။ ထိုတရက်တည်းတွင် ရှားတောမြို့နယ်အတွင်းရှိ စစ်ကောင်စီ ခလရ ၇၂ ပွန်ချောင်းတံတားတပ်စခန်းအား တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်ခံရသည့် စစ်ကောင်စီတပ်များသည် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဒီဇင်ဘာလ ၂ ရက် ညသန်းခေါင်အချိန်တွင် ပွန်ချောင်းတံတားတပ်စခန်းမှ စစ်ကောင်စီတပ်များသည် တပ်မှဆုတ်ခွါခဲ့ပြီး ဒီဇင်ဘာလ ၃ ရက်နေ့ ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ထိုပွန်ချောင်းတံတားတပ်စခန်းအား သိမ်းပိုက်ခဲ့သည့်အပြင် ၎င်းတို့၏ လက်နက်ခဲယမ်းများကိုလည်း ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ သိမ်းဆည်းခဲ့သည်။ ထိုတိုက်ပွဲတွင် စစ်ကောင်စီတပ်များမှ ၁၀ ဦးသေဆုံးပြီး ၉ ဦး အရှင်ဖမ်းမိခဲ့သည်။

**ontact persons:**

Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608

Website : www.karennicsn.org

Facebook: https://www.facebook.com/kcsnengbur

Email: kcsn2010@gmail.com